Myanmar Centre for Responsible Business

asean CSR Network

# မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်များအတွက် ကုမ္ပဏီများဆွေးနွေး

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်ကူပြုဌာန (MCRB) နှင့် ASEAN CSR Network (ACN)တို့ပူးပေါင်းကာ မတ်လ(၁၆)ရက်နေ့တွင် မြန်မာကုမ္ပဏီများမှ အကြီးတန်းတာဝန်ခံများအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ "မြန်မာနိုင်ငံတွင် ပြောင်းလဲမှုဖြစ်ပေါ်စေခြင်း- စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုများကို မည်သို့တိုက်ဖျက်ရမည်ကို လက်တွေ့ကျစွာဆွေးနွေးမည့် အလုပ်ရုံဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို လုပ်ငန်းနယ်ပယ်အသီးသီးနှင့် လုပ်ငန်းအရွယ်အစားအသီးသီးမှ ကုမ္ပဏီပေါင်း ၆၀ကျော်နှင့် မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို စိတ်ဝင်စားသည့် အဖွဲ့အစည်း (၁၅) ခုခန့်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူများအား ၎င်းတို့၏ နေ့စဉ်လုပ်ကိုင်မှုများနှင့် ၎င်းတို့စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အဂတိလိုက်စားမှုကိစ္စရပ်များ အများဆုံးကြုံတွေ့ရသည့် နေရာ၊ ဌာနများကို အီလက်ထရောနစ်စနစ်ဖြင့် မဲပေးရွေးချယ်စေခဲ့သည်။

လာဘ်ပေးလာဘ်ယူမှု အများဆုံးကြုံတွေ့ရသည့် နေရာမှာ ဝင်ငွေခွန်ပေးဆောင်ရာတွင် သို့မဟုတ် အစိုးရခွင့်ပြုချက်လိုင်စင်နှင့် တင်ဒါများ ဆောင်ရွက်ရာတွင်ဖြစ်သည်ကို တွေ့ရှိရသည်။ တက်ရောက်လာသူများ၏ ၂၇ ရာခိုင်နှုန်းက အစိုးရတင်ဒါ သို့မဟုတ် လိုင်စင်ချပေးသော ဝန်ကြီးဌာနများနှင့် ဆက်ဆံရာတွင် လာဘ်ပေးလာဘ်ယူမှုကို အများဆုံးကြုံတွေ့ရကြောင်း ဖော်ပြကြပြီး၊ အခြား ၂၇ ရာခိုင်နှုန်းကလည်း ဝင်ငွေခွန်ပေးဆောင်ရသည့်ဌာနများတွင် လာဘ်ပေးခဲ့ရသည်ဟု မဲပေးခဲ့သည်ကို တွေ့ရသည်။ တက်ရောက်လာကြသူများအနက် ၁၅ ရာခိုင်နှုန်းက ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီနှင့် ကျန် ၁၄ ရာခိုင်နှုန်းကမူ အကောက်ခွန်ဆိုင်ရာရုံးများ ဖြစ်သည်ဟု မဲပေးခဲ့ကြသည်။

တက်ရောက်သူများအား ၎င်းတို့၏နေ့ဉ်ဘဝ၌ လာဘ်ပေးလာဘ်ယူမှုများ မည်သည့်နေရာတွင်ကြုံတွေ့ရသနည်းဟုမေးမြန်းရာတွင် ကြုံတွေ့မှုအများဆုံးနေရာများစာရင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တက်ရောက်သူများ၏ ၂၄ ရာခိုင်နှုန်းသော မဲဖြင့်လည်းကောင်း၊

လူဝင်မှုကြီးကြပ်ရေးရုံးများကလည်း ၂၄ ရာခိုင်နှုန်းနှင့် ယာဉ်ထိန်းရဲများက ၂၁ ရာခိုင်နှုန်းသောမဲဖြင့် လည်းကောင်း စာရင်းထိပ်ဆုံးနေရာများအဖြစ် ရွေးချယ်ခံခဲ့ရသည်။

အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် Global Compact Network Myanmar တို့က ပူးပေါင်းကူညီပြီး ယူကေနိုင်ငံ၏ Foreign & Commonwealth Office ၏ Prosperity Fund မှ ဘဏ္ဍာရေးထောက်ပံ့မှုဖြင့် ကျင်းပခဲ့ပါသည်။ တက်ရောက်သူများထဲတွင် UN Global Compact (UNGC)အဖွဲ့ဝင်ဖြစ်သူ အများအပြားပါဝင်ရာ UNGC ၏ ဆယ်ခုမြောက်သော သဘောတရား ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများသည် လာဘ်ပေးလာဘ်ယူလုပ်ခြင်းနှင့် ခြိမ်း ခြောက်၍ ငွေညှစ်ခြင်း စသော အဂတိလိုက်စားမှုများကိုအမြဲပင် ဆန့်ကျင်လုပ်ဆောင်ရမည် ဆိုသောအချက်နှင့် ပတ်သက်ပြီး လက်တွေ့ကြုံတွေ့နေရပုံများကို ပါဝင်ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ ဟောပြောတင်ပြ ဆွေးနွေးသူများစာရင်းတွင် UNGC Myanmar Local Network၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာအောင်ထွန်းသက်၊ UMFCCI အမှုဆောင်အရာရှိချုပ် ဦးတင့်ဆွေ၊ Transparency International Malaysia နှင့် UN Office on Drugs and Crime (UNODC)မှ တာဝန်ရှိသူများပါဝင်ပြီး၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် Spectrum နှင့် ပြည်တွင်းနှင့် နိုင်ငံတကာကုမ္ပဏီများဖြစ်သည့် SMART, Max Myanmar, Standard Chartered နှင့် Coca Cola ကုမ္ပဏီများမှ တာဝန်ရှိသူများက ဟောပြောသူများအဖြစ် တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ကုမ္ပဏီများကြုံတွေ့ရသည့် အခက်အခဲများ ဆွေးနွေးရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်များပေါ်ပေါက်လာစေရေး ကူညီရန် ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ် နေသော်ငြား ကာလကြာမြင့်စွာ အမြစ်တွယ်နေသည့် အဂတိလိုက်စားမှုသည် မြန်မာ ၏ကုမ္ပဏီများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ကြီးမားသည့်အဟန့်အတားတစ်ရပ်အဖြစ် ဆက်လက်တည်ရှိ လျက်ရှိသည်။ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သည့် UNESCAP/UMFCCI ၏ စီးပွားရေးစစ်တမ်းအရ အဂတိလိုက်စားမှုကို ၎င်းတို့၏ အဓိကအဟန့်အတားအဖြစ် မြန်မာ့စီးပွားရေးလုပ်ငန်းများက သတ်မှတ်သည်ကိုတွေ့ရသည်။ မြန်မာကုမ္ပဏီအချို့သည် ကောင်းမွန်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်များထားရှိသည်ကို တွေ့ရသော်လည်း ကုမ္ပဏီအများအပြားတွင်မူ ထိုသို့ ထားရှိခြင်းမရှိပေ။

"မြန်မာအစိုးရသစ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် မြန်မာနိုင်ငံအနာဂတ်အတွက် အရေးပါသည့်ကိစ္စရပ်ဖြစ်သည်ကို နားလည်ပြီးဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အစိုးရက အစွမ်းကုန်လုပ်ဆောင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ အဂတိတိုက်ဖျက်ရေးလုပ်ငန်း၏ အစအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကိုဖြစ်စေသည့် အကြောင်းအရာများနှင့် ပြုပြင်ပြောင်းလဲမှုရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ဦးစွားပေးဆောင်ရွက်ရမည့် နေရာများကို ဆုံးဖြတ်နိုင်စေရန် စီးပွားရေးလုပ်ငန်းများအား လေ့လာဆန်းစစ်မှုတစ်ရပ် လုပ်ဆောင်သွားရန် အစိုးရအား ကျွန်ုပ်တို့က တိုက်တွန်းပါသည်။" ဟု MCRB ဒါရိုက်တာ ဗစ်ကီဘိုမန်က ပြောဆိုခဲ့သည်။

ASEAN CSR Network ၏ အမှုဆောင် အရာရှိချုပ်ဖြစ်သူ သောမတ်စ် သောမတ်စ် ကလည်း "မည်သည့်စီးပွားရေးမဆို ကနဦးအရေးကြီးဆုံး လုပ်ဆောင်ရမည့်တာဝန်သည် ဖြောင့်မတ်မှန်ကန်စွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လုပ်ငန်းလုပ်ဆောင်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်သည်။ အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူခြင်းအား လုံဝလက်မခံသည့်စံနစ်ကို ကျင့်သုံးရန်ပါဝင်သည်။ သို့သော် ထိုအချက်သည် အထူးသဖြင့် အဂတိလိုက်စားမှုသည် စံနစ်အတွင်းရှိနေပြီး နိုင်ငံတော်တော်များများတွင် စီးပွားရေးလုပ်ဆောင်ရာတွင် လုပ်ကိုင်သည့် သာမာန်လုပ်ရိုးလုပ်စဉ်တစ်ရပ်အဖြစ် လက်ခံလုပ်ဆောင်နေကြရာ အပြောလွယ်သော်လည်း ကျင့်သုံးရန်ခဲယဉ်းသည်။ ထိုအချက်ကို ဖြေရှင်းရန် ကျွန်ုပ်တို့အနေဖြင့် စီးပွားရေးလုပ်ငန်းများအား ဖြစ်သင့်၊ ရှိသင့်သည့် အသိပညာနှင့် လုပ်ကိုင်နိုင်ရန် အဂတိလိုက်စားမှုအား တိုက်ဖျက်နိုင်သည့် နည်းလမ်းများဖြင့် ပံ့ပိုးကူညီရမည်ဖြစ်သည်။ ထို့အတူ ၄င်းတို့အား အထောက်အပံ့ဖြစ်စေမည့် စုပေါင်းအင်အားဖြင့် လုပ်ဆောင်နိုင်သည့် လုပ်ရှားမှုအခင်းအကျင်းများ ဖြစ်ပေါ်လာအောင် ပံ့ပိုးပေးရမည်ဖြစ်သည်။ ASEAN CSR Network သည် အလေ့ကျင့်ကောင်းများကို မျှဝေရန်နှင့် စီးပွားရေးလုပ်ငန်းများ၏ ဖြောင့်မတ်မှန်ကန်မှုအတွက် ဆီလျှော်ညီညွတ်သည့်စံနှုန်းများ ဖြစ်ပေါ်လာရေးအတွက် အာဆီယံတနံအလျားမှ ရပ်တည်ချက်တူညီသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင် ပေးလျက်ရှိသည်။

ဆက်လက်ပြီး UMFCCI ၏ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ASEAN CSR Network၏ နာယကလည်းဖြစ်သူ ဒေါ်ခိုင်ခိုင်နွယ်က "ကျွန်ုပ်တို့နိုင်ငံ၏ ရေရှည်အောင်မြင်မှုသည် စီးပွားရေးလုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အဓိက စိန်ခေါ်မှုများအနက်တစ်ခုဖြစ်သည့် အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ရေး ကျွန်ုပ်တို့ရဲ့လုပ်ဆောင်နိုင်မှုပေါ်တွင် မူတည်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းပေါင်း ၃၀၀ ကျော်က UN Global Compact နှင့် ၄င်း၏ အခြေခံစည်းမျဉ်း

စည်းကမ်း ၁၀ ချက်ကို လိုက်နာရန် ကတိကဝတ်ပြုထားပြီးဖြစ်သည်။ အဆိုပါ လုပ်ဆောင်မှုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလိုအပ်ချက်အပါအဝင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်း အလေ့အထများကိုလုပ်ဆောင်ရန် မြန်မာနိုင်ငံရှိ စီးပွားရေးအသိုင်းအဝန်းက လေးနက်သည့် ဆန္ဒကိုပြသခြင်းဖြစ်သည်။ သို့ဖြစ်ရာ ယခုအချိန်သည် ကတိကဝတ်များအား လုပ်တွေ့ လုပ်ဆောင်မှုအဖြစ် အကောင်အထည်ဖော်ရန် အချိန်ရောက်ရှိပြီဖြစ်ပါသည်” ဟု ပြောကြားသွားသည်။

## နောက်ခံအကြောင်းအရာ

၁။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ကို ယူကေ အခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ် အခြေစိုက် Danish Institute for Human Rights (DIHR) တို့၏ ပူပေါင်း ဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်တွင်ဖွဲ့စည်းကာ ရန်ကုန်တွင် အခြေစိုက်ဖွင့်လှစ်ထားသည်။ ရန်ပုံငွေများကို ပြည်ပအစိုးရ အလှူရှင်များမှ ထောက်ပံ့ပေးထားသည်။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း အလေ့အထများ ပေါ်ပေါက်လာစေရန် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် လမ်းကြောင်း (platform)တစ်ခု ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်သည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတကာစံသတ်မှတ်နှုန်းများကို အခြေခံ၍ လူမှုရေးတာဝန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြန်မာပြည်သူ၊ ပြည်သားများ၏ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းအား လုပ်ဆောင်ခြင်းကိုဆိုလိုသည်။

၂။ ASEAN CSR Network (ACN) ကို ၂၀၁၅ တွင် အာဆီယံ အသိုင်းအဝန်း (ASEAN Community) တစ်ခု ဖြစ်ထွန်းလာရေး ရည်မှန်းချက်နှင့်အညီ အာဆီယံဖောင်ဒေးရှင်း (ASEAN Foundation) နှင့် Japan-ASEAN Solidarity Fund တို့၏ အထောက်အပံ့ဖြင့် ၂၀၁၁ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် ACN သည် အာဆီယံအဆင့် လူမှုကွန်ရက်ချိတ်ဆက်ခြင်းနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အထောက်အပံ့ပေးနိုင်သည့် အခင်းအကျင်းဖြစ်လာစေရန် ပံ့ပိုးမှုများ ပေးလျက်ရှိသည်။ ထို့အပြင် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျွမ်းကျင်သင်တန်းများတွင် ပံ့ပိုးမှုပေးခြင်း၊ အရေးကြီးသည့် ကိစ္စရပ်များတွင် ပေါင်းစပ်လုပ်ဆောင်မှုများ ဖြစ်လာစေရန် အားပေးနှိုးဆော်ခြင်းနှင့် ဒေသတွင်း စီးပွားလူမှုကဏ္ဍတာဝန်ယူမှုရှိရေး ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးပေးရန် စိတ်ဝင်စားမှုရှိသော ဒေသတွင်းအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ကာ ပံ့ပိုးမှုများ လုပ်ဆောင်ပေး လျက်ရှိသည်။

၃။ The UN Global Compact (UNGC) သည် စီးပွားရေးအဖွဲ့အစည်းများအား လူ့အခွင့်အရေး၊ အလုပ်သမား၊ အဂတိလိုက်စားခြင်း နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ရေရှည်တည်တံ့သော မူဝါဒများ ချမှတ်နိုင်ရေး အားပေးရန် အစပြုလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် အသင်းဝင်ပေါင်း

၂၀,၀၀၀ ကျော် ရှိ ပြီး၊ ယင်းတို့အနက်မှ အဖွဲ့ဝင် ၃၂၂ ဦး မှာ မြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်း မဟုတ်သည့် အဖွဲ့အစည်းများဖြစ်ပါသည်။ ပြည်တွင်းရှိ အဖွဲ့များအနက်မှ ၁၉၄ ဦးသည် လက်ရှိ အဖွဲ့ဝင် (Active) အဖြစ် ရပ်တည်လျက်ရှိပြီး၊ သတ်မှတ်ထားသည့် နှစ်ပတ်လည် အစီရင်ခံစာ (Communication on Progress (COP)) တင်ပြရန် လိုအပ်ချက်ကို လိုက်နာသည်။ ကျန်ရှိသော အဖွဲ့ဝင် ၁၂၈ မှာမူ လိုအပ်သည့် အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာကို သတ်မှတ်ရက် ကျော်လွန်သည် အထိ တင်ပြခြင်း မရှိသည့် (Non-Communicating) အဖွဲ့ဝင်များဖြစ်သည်။ UNGC သည် လိုအပ်သည့် နှစ်ပတ်လည် အစီရင်ခံစာ (COP)ကို နှစ်နှစ်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့သည့် ပြည်တွင်းကုမ္ပဏီ ၁၉ခုအား အဖွဲ့ဝင်စာရင်းမှ ထုတ်ပယ်ခဲ့သည်။